Ready4K

Wisconsin Department of Children and Families

# သင့်ကလေး၏ သင်ယူလေ့လာမှုကို မြှင့်တင်ရန် စာတိုမက်ဆေ့ချ်များ



Ready4K က ကြိုဆိုပါသည်။ သင်၏ကလေး တစ်နှစ်ပတ်လုံး သင်ယူမှု ရည်မှန်းချက်များနှင့်အတူ လမ်းကြောင်းပေါ် ဆက်လက်ရှိနေစေအောင် အကူအညီပေးရန် ဤအခမဲ့ရင်းမြစ် သင့်ကိုပေးရန် Wisconsin Department of Children and Families က စိတ်လှုပ်ရှားရပါသည်။

## Ready4K က ကျွန်ုပ်၏ ကလေး သင်ယူမှုကို မည်သို့ ကူညီပေးသနည်း။

Ready4K က အပတ်စဉ် လုပ်ဆောင်ရန် လွယ်ကူသည့် သင်ယူမှု အကြံပြုချက်များနှင့် လုပ်ငန်းစဉ် ၃ခုကို သင့်ထံသို့ စာတို ပေးပို့ပါမည်။ သင်ရရှိမည့် စာတိုမက်ဆေ့ချ်တိုင်းမှာ သင့်ကလေး၏ အသက်အရွယ် သို့မဟုတ် အတန်းအတွက် ရေးသားထားခြင်း ဖြစ်ပါသည်။

Ready4K လှုပ်ရှားမှုများကို ပြုလုပ်ခြင်းသည် သင်၏ကလေး လမ်းကြောင်းပေါ် ဆက်လက်ရှိနေစေအောင် ကူညီပေးရန် နည်းလမ်းကောင်းတစ်ခု ဖြစ်ကြောင်း သုတေသနတွင် သက်သေပြထားပါသည်။

Ready4K အကြံပြုချက်များသည် သင်၏နေ့စဉ် လုပ်ဆောင်နေကျ အရာများအပေါ်တွင် အခြေပြုထားပါသည်။ အဝတ်အစား ဝတ်နေချိန်၊ ရေချိုးနေစဉ် သို့မဟုတ် အစားအသောက် ပြင်ဆင်နေချိန်တွင် အသုံးချရမည့် လုပ်ငန်းစဉ်များဖြစ်သည်။ အင်တာနက် မလိုပါ။ အချိန်ပို မလိုပါ။ အထူးပစ္စည်းများလည်း မလိုအပ်ပါ။

Wisconsin မိသားစုများစွာ အထောက်အကူပြုသည့် Wisconsin ရင်းမြစ်များသို့ ဝင်ရောက်နိုင်သည့် လင့်ခ်ကိုလည်း သင် လက်ခံရရှိပါမည်။




## ကျွန်ုပ် မည်သည်ကို လုပ်ဆောင်ရန် လိုအပ်သနည်း။

အသက် ၀-၅ နှစ်ကြား ကလေး၏ Wisconsin မိသားစုအနေဖြင့် သင်သည် wi.ready4k.com သို့ ဝင်ရောက်ခြင်းဖြင့် သို့မဟုတ် 70138 **သို့** DCF ဟု စာတိုပေးပို့ခြင်းဖြင့် အခမဲ့ စာရင်းသွင်းနိုင်ပါသည်။

ကုန်ကျစရိတ် လုံးဝမရှိသော်လည်း ဒေတာနှင့် မက်ဆေ့ချ်နှုန်းထားများ ကျခံရနိုင်ပါသည်။ 70138 သို့ STOP ဟု စာတိုပေးပို့ခြင်းဖြင့် အချိန်မရွေး ပယ်ဖျက်နိုင်ပါသည်။

Ready4K ("အစီအစဉ်") တွင် စာရင်းသွင်းခြင်းဖြင့် သင်သည် အောက်ပါတို့ကို သဘောတူညီပါသည်။ (က) အစီအစဉ်တွင် စာရင်းသွင်းခြင်း (ခ) parentpowered.com/terms.html ၌ ရရှိနိုင်သည့် ParentPowered PBC အသုံးပြုမှု သတ်မှတ်ချက်များနှင့် parentpowered.com/privacy.html ၌ ရရှိနိုင်သည့် ကိုယ်ရေးမူဝါဒနှင့် (ဂ) 70138 မှ တစ်ပတ်လျှင် Ready4K စာတိုမက်ဆေ့ချ် သုံးစောင်ခန့် လက်ခံရရှိပြီး 28922 မှ တစ်ပတ်လျှင် Ready4K အသိုက်အဝန်း ပံ့ပိုးမှု စာတိုမက်ဆေ့ချ် သုံးစောင်ခန့်အထိ ရရှိခြင်း။ စာရင်းသွင်းခြင်းဖြင့် သင်စိတ်ဝင်စားနိုင်သည်ဟု ကျွန်ုပ်တို့ ထင်မြင်သည့် အချက်အလက်များကို ParentPowered က သင့်ထံ ပေးပို့ပေးစေချင်သည်ဟု အတည်ပြုပါသည်။ ၎င်းတွင် ParentPowered က သင်ပေးထားသည့် ဖုန်းနံပါတ်သို့ စာတိုပေးပို့ရန် အလိုအလျောက် ဖုန်းခေါ်နည်းပညာကို အသုံးပြုထားပါသည်။ စာရင်းသွင်းခြင်းအတွက် ကုန်ကျစရိတ်မရှိပါ။ ဒေတာနှင့် စာတိုနှုန်းထားများ ကုန်ကျနိုင်ပါသည်။ 70138 သို့ STOP ဟု စာတိုပေးပို့ခြင်းဖြင့် အချိန်မရွေး Ready4K စာတိုမက်ဆေ့ချ်များ လက်ခံရယူခြင်းကို ပယ်ဖျက်နိုင်ပါသည်။ သို့မဟုတ် 28922 သို့ STOP ဟု စာတိုပေးပို့ခြင်းဖြင့် Ready4K အသိုက်အဝန်း ပံ့ပိုးမှု စာတိုမက်ဆေ့ချ် လက်ခံရယူမှုကို ပယ်ဖျက်နိုင်ပါသည်။ Ready4K နှင့်ပတ်သက်၍ အကူအညီအတွက် 70138 သို့ HELP ဟု စာတိုပေးပို့ပါ သို့မဟုတ် support@parentpowered.com ဖြင့် ကျွန်ုပ်တို့ထံ အီးမေးလ်ပေးပို့ပါ။